၂၄ ကြိမ်မြောက် တနင်္ဂနွေနေ့ ၊ စက်တင်ဘာ ၁၇ ၂၀၂၃

ထောက်ရှုခြင်း

ညီအကို မောင်နှမတဦးဦးကို ကျွန်ုပ်တို့အခွင့်လွှတ်တဲ့အခါ
သူတို့ရဲ့အပြစ်များအခွင့်လွှတ်ခြင်းခံရတာမဟုတ် ကျွန်ုပ်ရဲ့အပြစ်က
အခွင့်လွှတ်ခြင်းခံရပါတယ်။

ဘယ်လိုကျွန်ုပ်တို့အခွင့်လွှတ်ကြရမှာလဲ။

ကျွန်ုပ်တို့ကို ထိခိုက်ကျူးလွန်တဲ့လူတိုင်းကို မျက်စိမှိတ်ပြီး အခွင့်လွှတ်ရတော့မှာလား။
လူသတ်သမား၊ အကြမ်းဖက်သမား၊ ကျွန်ုပ်တို့ကိုယ်ခန္ဓာကို နာကျင်အောင်
ထိခိုက်သူများ၊ မရိုးမသားဆက်ဆံမှုများ၊ လဒ်ပေလဒ်ယူမှုများ၊ ဗစ်ကားမှုအမျိုးမျိုး၊
ဥစ္စာမရှိခြင်းများ – ဒါတွေအားလုံးကို မျက်စိမှိတ်ပြီးအခွင့်လွှတ်ရတော့မှာလား။

ထိုသို့သောသူများ –နောင်တရဘို့လဲလိုအပ်ပါတယ်။ ပြီးခဲ့တဲ့အပတ်
တနင်္ဂနွေဓမ္မဝေဒကျမ်းကို သတိရစေပါတယ်။ ဘာလဲဆိုတော့ –
သူတို့ပြုခဲ့တဲ့အရာတွေအပေါ် နောင်တမရဘဲခေါင်းမာနေခဲ့ရင်တော့
သာသနာပလူများကဲ့သို့လည်းကောင်း၊ အခွန်ခံသူတို့ကဲ့သို့လည်းကောင်း သူတို့ကို
သဘောထားရမှာဖြစ်ပါတယ်။

ဓမ္မဝေဒကျမ်းရဲ့သင်ကြားမှုက ပြန်လည်သင့်မြတ်ခြင်းနဲ့ ပြန်လည်ကုစားခြင်းကို
ခံရခြင်းနဲ့ ဒွန်တွဲလျက်ရှိတာကို ပြသလျက်ရှိပါတယ်။ ဒါ့အပြင်
အကြွင်းမဲ့ချစ်ခြင်းနဲ့လဲသက်ဆိုင်ပါတယ်။ အဖဘုရားသခင်ကဲ့သို့ မိမိရဲ့နေရောင်ခြည်
မိမိရဲ့မိုးရေကို ကောင်းသောသူ ဆိုးသောသူအပေါ် သက်ရောက်စေပါတယ်။

အပြစ်အခွင့်လွှတ်ခြင်းဆိုတာ–တပါးသူရဲ့ထိခိုက်ကျူးလွန်မှုကို မေ့ထားခြင်း
ဖယ်ပစ်လိုက်ခြင်းထက် မှားယွင်းပြုမူသူများကို လမ်းမှန်သို့
ပြန်လည်ခေါ်ဆောင်ခြင်းကို ပိုပြီးအသားပေးထားပါတယ်။
ကောင်းသောသိုးထိန်းပုံဥပမာ၊ ဒင်္ဂါးပြားပျောက်သွားတဲ့အမျိုးသမီး၊
သားမိုက်ကိုစောင့်မျှော်နေသောဖခင်–ဒီပုံဥပမာတွေကို ပြန်လည်သတိရစေပါတယ်။

ယုံကြည်ခြင်းဆိုတာ ကောင်းခြင်းဆိုးခြင်းနဲ့ပတ်သက်တဲ့ ကျွန်ုပ်တို့ရဲ့ ပြုမူဆောင်ရွက်ချက်များထက်စာလျှင်၊ အချင်းချင်းဆက်နွယ်မှုကိုပိုပြီးဦးစားပေးပါတယ်။ အပြစ်အခွင့်လွှတ်တယ်ဆိုတာ မကောင်းတဲ့ ဆိုးမိုက်တဲ့အပြုအမူများကို ဖျက်ထုတ်လိုက်ခြင်း မဟုတ်ဘဲနဲ့ (တကယ်တော့ဖျက်လိုက်လို့မရပါဘူး)– ပျက်စီးသွားတဲ့ ဆက်နွယ်ခြင်း ဆက်ဆံခြင်းကို ပြန်ပြီးကောင်းအောင် ပြုပြင်လိုက်ခြင်း၊ ကုသခြင်း ကုစားခြင်း။ ပြန်လည်သင့်မြတ်ခြင်းနဲ့ သက်ဆိုင်ပါတယ်။

ဒါ့ကြောင့် အာပတ်ဖြေခြင်းကို နောင်တရခြင်းစက္ကရင်မင်တူးထက် ပြန်လည်သင့်မြတ်စေခြင်း စက္ကရင်မင်တူးလို့ ခေါ်ဆိုမယ်ဆို ပိုပြီးထိရောက်နိုင်တယ်လို့ ထင်မြင်မိပါတယ်။

ဒီ စက္ကရင်မင်တူးဟာ အတိတ်က ကျွန်ုပ်တို့ရဲ့အပြစ် အမှားအယွင်းမျာကို အများထင်သလို ဖျက်ပြစ်လိုက်တာ မဟုတ်ဘဲ၊ မှန်သောလမ်းဆီသို့ ပြန်လှည့်လာခြင်း၊ ဘုရားနဲ့ကျွန်ုပ်တို့ရဲ့ဆက်ဆံဆက်နွယ်ခြင်းကို ပြန်ပြီးပြုပြင်ခြင်း၊ ကျွန်ုပ်တို့ရဲ့အပြစ်အနာအဆာ အားနည်းချက်များကြောင့် ကွဲလွင့်သွားသောသူများနှင့် ပြန်လည်ကြေအေးပြီး မှန်ကန်ခိုင်မာတဲ့ ဆက်သွယ်ဆက်နွယ်မှုများကို ပြန်လည်တည်ဆောက်ခြင်းဘဲ ဖြစ်ပါတယ်။

ကျွန်ုပ်တို့ကို ဘုရားက ခဏခဏအကန့်အသတ်မရှိ ပြန်ပြီးလက်ခံကြို့ဆိုတာကို မျှော်လင့်သကဲ့သို့၊ ဘုရားကလဲ သူတပါးကို ပြန်လည်လက်ခံဘို့အတွက် အမြဲတမ်းအဆင်သင့်ဖြစ်ရမယ်ဆိုတာကို ကျွန်ုပ်တို့ဆိက မျှော်လင့်ပါတယ်။ ဘုရားကဲ့သို့၊ သားမိုက်ကိုစောင့်မျှော်တဲ့ မေတ္တာနဲ့ပြည့်ဝတဲ့ဖခင်ကဲ့သို့ ကျွန်ုပ်တို့လဲဘဲ စိတ်ရှည်စွာနဲ့၊ ချစ်ခြင်းနဲ့ မျှော်လင့်ခြင်းကြီးစွာနဲ့ မှားယွင်းတဲ့လူတဦးတယောက်ရဲ့ လမ်းမှန်ပေါ် ပြန်လာခြင်းကို စောင့်မျှော်နေရမှာ ဖြစ်ပါတယ်။

ဒီအပတ် ဧဝံဂေလိကျမ်းကနေပြီး ကျွန်ုပ်တို့ကိုသင်ကြားတာက–ကျွန်ုပ်တို့ကို ထိခိုက်ကျူးလွန်သောသူ၊ ကျွန်ုပ်တို့ရဲ့ရန်သူတွေဟာ ကျွန်ုပ်တို့ရဲ့ဆုတောင်းမေတ္တာကို လွန်စွာပင် အလိုရှိကြပါတယ်။ ခိုင်မာသောသူတို့ရဲ့နှလုံးသားကို

ပျော့ပြောင်းစေဘို့အတွက် ဘုရားရဲ့ကျေးဇူးတော်ကို အလိုရှိကြပါတယ်။
စိုင်မာတဲ့နှလုံးသားများ ပျော့ပြောင်းသွားပြီး အမှန်တရား သို့မဟုတ်
သခင်ဘုရားဆီသို့ ပြန်လှည့်လာတဲ့လူတိုင်းကို ကျွန်ုပ်တို့ရဲ့အပြစ်တွေအတွက်
အခွင့်ချမ်းသာပေးပါလို့ ကျွန်ုပ်တို့အခွင့်လွှတ်ခြင်းကို တောင်းခံပြီး အဖဘုရားသခင်ရဲ့
ပြန်လည်လက်ခံပွေ့ပိုက်ခြင်းကို မျှော်လင့်သကဲ့သို့ ထိုသူများကို ကျွန်ုပ်တို့လည်း
အလက်ခံကြိုဆိုကြရမှာ ဖြစ်ပါတယ်။

(သတင်းစကား)– အပြစ်အခွင့်လွှတ်ရမယ်။မေ့ပျောက်နိုင်အောင်ကြိုးစားရမယ်။
သင့်မြတ်တဲ့အနေအထားကိုပြန်ရောက်အောင်ကြိုးစားရမယ်။ သူတပါးကိုပေးလိုက်တဲ့
ကျွန်ုပ်တို့ရဲ့အခွင့်လွှတ်ခြင်းဟာ သူတပါးကိုမေတ္တာထားနိုင်အောင်၊
ဘုရားရဲ့အခွင့်လွှတ်ခြင်းကိုလဲရရှိအောင် ပြီးတော့လဲ အခွစိပ္ပာယ်ရှိရှိနဲ့
(သူတပါးရဲ့အပြစ်များကို အခွင့်လွှတ်သကဲ့သို့
ကျွန်ုပ်တို့၏အပြစ်များကိုလဲအခွင့်လွှတ်တော်မူပါ) လို့ဆုတောင်းဘို့လဲ
ကြိုးစားရမှာဖြစ်ပါတယ်။

ဖရန်စစ်အစီစီရဲ့ဆုတောင်း– အခွင့်လွှတ်ခြင်းအားဖြင့် ကျွန်ုပ်တို့ဟာ
အခွင့်ချမ်းသာရမယ်။ အခွင့်လွှတ်ခြင်းကိုမေ့လျော့ခြင်းဟာ
ဘုရားရဲ့ကောင်းမြတ်ခြင်းကို မေ့လျော့ခြင်းဖြစ်ပါတယ်။ ဘုရားရဲ့အကြွင်းမဲ့
အခွင့်လွှတ်ခြင်းကို ကျွန်ုပ်တို့ တန်ဘိုးမထားအသိအမှတ်မပြုခြင်းဘဲဖြစ်ပါတယ်။

၅. အပြစ်အခွင့်လွှတ်ခြင်းရဲ့တံခါးတွေဟာ အမြဲတမ်း အပြစ်မှပြန်လှည့်လာသူ
ဘယ်သူမဆိုအတွက်ဖွင့်ထားလျက်ရှိပါတယ် (CCC#982) .
အကြောင်းအရာကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ မမောတမ်း တဦးကိုတဦး
အခွင့်လွှတ်ရမယ်။ ခရစ်တော်ရဲ့မေတ္တာတော်ဟာ ဒါကိုတောင်းဆိုပါတယ်။
(CCC#2227)။ ကောင်းကင်နဲ့ သို့မဟုတ် ငရဲနဲ့ ကျွန်ုပ်တို့ရဲ့စိတ်နှလုံးဟာ
ဘယ်အရာနဲ့ချည်နှောင်ခြင်းရှိပါသလဲ. ဒီကနေ့ သနားခြင်းမရှိတဲ့ အစေခံ
ရင်ဆိုင်ရတဲ့သင်ခန်းစာမျိုးကို ကျွန်ုပ်တို့ထောက်ရှုနိုင်ပါတယ်။ (CCC#2843)

၆။ သနားခြင်းရှိရမယ် ဆိုတဲ့အကြောင်းကို မာတေဦး–၆း၁၄–
သင့်ကိုထိခိုက်ပြစ်မှားတဲ့သူကို သင်ခွင့်လွှတ်လျှင် ကောင်းကင်ဘုံမှာရှိတဲ့
သင့်ရဲ့အဖခမည်းတော် သင့်ကို အပြစ်အခွင့်လွှတ်လိမ့်မည်။ ဒါပေမဲ့
လူတွေရဲ့အပြစ်ကို သင်အခွင့်မလွှတ်ရင် သင့်ရဲ့အဖခမည်းတော်လည်း သင့်ကို
အပြစ်အခွင့်လွှတ်မှာမဟုတ်။

၂။ နာကျင်းစွာခံစားရတဲ့ မိသားစုထဲမှာ ကုစားခြင်းကိုတွေ့ရှိနိုင်ဘို့–
အလုပ်ရှင်နဲ့အလုပ်လုပ်တဲ့သူကြားမှာ ကုစားခြင်း၊
အပေါင်းအဖေါ်အချင်းချင်းကြားမှာကုစားခြင်း၊ မှားယွင်းစွာဆုံးဖြတ်မိတဲ့
ဆရာ၊ဆရာမတွေကိုအခွင့်လွှတ်ခြင်း၊ ကျွန်ုပ်တို့ယုံကြည်စိတ်ချရတဲ့လူ
တဦးဦးနဲ့အဆင်မပြေဖြစ်တဲ့အခါ ငြိမ်သက်စွာနဲ့ အလင်းရရှိဘို့
ကျေးဇူးတော်ကိုတောင်းခံခြင်း၊ အဖြေကိုရှာဖွေတွေ့ရှိနိုင်ဘို့။
ပြန်လည်သင့်မြတ်နိုင်ဘို့။ အကြွင်းမဲ့အခွင့်လွှတ်နိုင်ဘို့။

၃။ အခွင့်မလွှတ်နိုင်လောက်အောင် ကျွန်ုပ်တို့ရဲ့စွမ်းရည်ကို အမှန်းတရားက
မဝါးမြိုခင် ကျွန်ုပ်တို့ကိုထိခိုက်ကျူးလွန်သူကို အခွင့်လွှတ်ရမှာဖြစ်ပါတယ်။
လွယ်ကူတဲ့အရာမဟုတ်ပါဘူး။ ဒါပေမဲ့ ဘုရားရှိပါတယ်။ အိုအဘဘုရား ဒီထိခိုက်မှု၊
နာကျင်မှု၊ စိတ်ပျက်အားငယ်မှုတွေကို ကျွန်ုပ်မသယ်ဆောင်နိုင်ပါ။
အဖကိုအပ်နှံလိုက်ပါသည်။ ကျွန်ုပ်မည့်သည့်အရာကို ပြုလုပ်ရမည်ဆိုတာကို
ကျွန်ုပ်အားသိစေတော်မူပါ။

အဲဒီဆုတောင်းခြင်းမျိုး၊ အဲဒီနားထောင်ထောက်ရှုခြင်းမျိုးကနေပြီး
လိုအပ်တဲ့အပြုအမူမျိုး မွေးဖွားလာရမှာဖြစ်ပါတယ်။
ဘယ်လိုအပြုအမူမျိုးဖြစ်ရမလဲဆိုရင် ဘုရားရဲ့တတ်နိုင်တော်မူခြင်းကို
အသိအမှတ်ပြုပြီး၊ ဘုရားရဲ့တံခိုးတော်အားဖြင့် မဖြစ်နိုင်တဲ့အရာကိုတောင်
ကျွန်ုပ်တို့ပြုလုပ်ဆောင်ရွက်နိုင်တယ်ဆိုတာကို ကျွန်ုပ်တို့နားလည်ရမှာ ဖြစ်ပါတယ်။

အခွင့်လွှတ်ခြင်းဟာ ကုစားခြင်းကို ကျွန်ုပ်တို့ရွေးချယ်လိုက်ခြင်းဖြစ်ပါတယ် –